# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် မေလ ၂၃ ရက်နေ့မှ မေလ ၂၉ ရက်နေ့အထိ

အကျဉ်းချုပ်

လူ့အခွင့်အရေး ချိုးဖောက်မှုများ

မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၁,၈၆၆+ သတ်ဖြတ်ခံရ

၁၃,၈၇၈+ ဖမ်းဆီးခံခဲ့ရ

၁၀,၈၂၅+ ချုပ်နှောင်ခံထားရဆဲ

၁,၉၇၉+ ဖမ်းဝရမ်းထုတ်ခံရ

## မိုးရာသီကာလအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ပိုမိုဆိုးရွားလာသည်။

မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းသည် နေ့စဉ်နှင့်အမျှ ဆိုးရွားလာလျက်ရှိသည်။ မုတ်သုံမိုး စတင်လာသည်နှင့်အမျှ ဘေးကင်းရာသို့ ထွက်ပြေးခိုလှုံနေရသည့် ပြည်သူတို့၏ အတိဒုက္ခမှာ ပိုများလာပြီး ပို၍ အန္တရာယ်များလာနေသည်။ တောတောင်ထဲရှိကုန်းမြေမှာ စိုစွတ်ပြီး ချော်နေသောကြောင့် သယ်ယူရနိုင်သမျှကို သယ်၍ ထွက်ပြေးရသည်မှာ ပို၍ခက်ခဲသည်။ ထိုင်းနိုင်ငံအနီးတဝိုက်ရှိ သောင်ရင်းမြစ်ကမ်းတလျှောက်တွင် ရာနှင့်ချီသော စစ်ဘေးရှောင်များခိုလှုံနေသော ယာယီတဲများသည် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးစခန်းများ ပြိုကျပျက်ဆီးခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများသည် လိုအပ်နေသောနေရာများအား ကူညီဖြည့်ဆည်းပေးနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

သို့သော် လိုအပ်ချက်များ မြင့်မားနေပြီး ငွေကြေးနှင့် ပစ္စည်းအရင်းအမြစ်မှာ  အကန့်အသတ်ရှိနေသည်။ မြေပြင်အခြေအနေနှင့် ပတ်သက်၍  နိုင်ငံတကာအသိုက်အဝန်းမှ အရေးပေါ်တုံ့ပြန်ရန် တောင်းဆိုထားသည်။ မြန်မာပြည်သူများသည် အစာနှင့်ရေ အကန့်အသတ်ဖြင့် အသက်ရှင်ရေးအတွက် နေ့စဉ် ရုန်းကန်နေရသော်လည်း ဤတောင်းဆိုမှုများသည် နားမကြားသူများကြားတွင် ရောက်ရှိနေပုံရသည်။

တိုင်းရင်းသား ကျန်းမာရေး ဝန်ထမ်းများသည် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု မြင့်တက်လာသော်လည်း ကုသရန် ဆေးဝါးပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ထုတ်ပြန်ခဲ့သည်။ ဖျားနာသူအများစုမှာ ကလေးများနှင့် သက်ကြီးရွယ်အိုများဖြစ်သည်။ အာဟာရချို့တဲ့ခြင်းအပြင် အရပ်သားများသည် အလွန်အမင်း ပင်ပန်းနွမ်းနယ်ခြင်းနှင့် လုံခြုံမှုမရှိခြင်းတို့ကိုပါ တွဲ၍ ရင်ဆိုင်နေရသည်။  အကြမ်းဖက်စစ်တပ်၏ ခွဲခြားခြင်းမရှိသော ရမ်းသမ်းပစ်ခတ်မှုကြောင့် ကျေးရွာသားများသည်  နေရပ်သို့ မပြန်ရဲကြပေ။ ၎င်းတို့၏ နေအိမ်များ ပတ်လည်တွင် မြေမြှုပ်မိုင်းများရှိနေပြီး အရပ်သားများကို ဖမ်းဆီးခေါ်ဆောင်ကာ နယ်မြေမကျွမ်းကျင်သော  မြေပြင်တွင် အကြမ်းဖက်စစ်သားများအတွက် အတင်းအကြပ် လမ်းညွှန်ခိုင်းစေခြင်းကို ခံနေရသည်။ စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းခံထားရသူ အများစုမှာ ငယ်ရွယ်ပြီး ၎င်းတို့၏ မိသားစုများနှင့် အဆက်အသွယ် ပြတ်တောက်နေသည်။

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများသည် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် ဆိုးရွားလာသည့် အခြေအနေများနှင့် မြန်မာပြည်တွင်း နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်မှု မြင့်တက်လာသော အခြေအနေများကို မှတ်တမ်းတင်ထားသည်။ စစ်အာဏာရှင်သည် "ငြိမ်းချမ်းရေး" ကို ကာလအတန်ကြာ ပြောနေသော်လည်း ၎င်းတို့၏ လုပ်ရပ်များသည် အာဏာထက် ငြိမ်းချမ်းရေးကို ဦးစားပေးမည့် အဓိပ္ပာယ်ရှိသော မည်သည့် လုပ်ရပ်မျိုးကိုမဆို မလိုလားကြောင်း ပြောင်ပြောင်တင်းတင်း ထုတ်ဖော်ပြောဆိုနေသည်။

ပိုမိုဆိုးရွားလာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတစ်ခု ပေါ်ပေါက်လာတိုင်း မြန်မာနိုင်ငံသည် တစ်ဖန် ကြွံကြွံခံ ရင်ဆိုင်နေကြရပြန်သည်။ အမုန်မှာ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသော အကြမ်းဖက်စစ်အာဏာရှင်၏ လက်အောက်တွင် နေ့စဉ် ဒုက္ခရောက်နေသောပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကမ္ဘာကြီးကို နေ့စဉ်စောင့်မျှော်နေရသောကြောင့် ၎င်းတို့ ထမ်းရမည့် ဝန်ထုပ်ဝန်ပိုး မဖြစ်သင့်ပေ။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အကာအကွယ်ပေးသည့် ယန္တရားများဖြင့် တုန့်ပြန်၍ နယ်စပ်ဖြတ်ကျော် အကူအညီများအား NUG အပါအဝင်  ဒေသခံ အကူအညီပေးနေသည့် အဖွဲ့များမှတစ်ဆင့် ကူညီပံ့ပိုးပေးရမည်။

# လူ့အခွင့်အရေးချိုးဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အင်ပင်ကျေးရွာ–** မေလ ၂၅ ရက်တွင် နေအိမ် ၃၀ ထက်မနည်း စစ်တပ်မှ မီးရှို့ခဲ့သည်။ စစ်အာဏာရှင်သည် ရွာတွင် တည်းခိုခဲ့ပြီး မေလ ၂၆ ရက်နေ့တွင် မထွက်ခွာမီ မီးရှို့ခဲ့သည်။ ရွာသူရွာသားများအားလုံး အသက်စွန့်ကာ ထွက်ပြေးခဲ့ကြရသည်။

**စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်–** စစ်တပ်မှ လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်ကာ ကျေးရွာကို စီးနင်းမှုကြောင့် နေအိမ်ပေါ်သို့ လက်နက်ကြီးကျကာ အသက် ၇၀ ကျော်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။ ရွာစတင်စီးနင်းတိုက်ခိုက်ခံရချိန် ၎င်းမှာ မတိမ်းရှောင်နိုင်ဘဲ နေအိမ်၌ ပုန်းနေချိန် အိမ်ပေါ်သို့ လက်နက်ကြီးကျကာ သေဆုံးခဲ့ခြင်း ဖြစ်သည်။

**စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူးမြို့နယ်–**အသက် ၂၁ နှစ်သာရှိသေးသော မန္တလေးဆေးတက္ကသိုလ်ကျောင်းသား ကိုကျော်ညီဇင်သည် မုံရွာသို့ မိသားစုနှင့်အတူ ကားဖြင့် ခရီးသွားနေစဉ် စစ်တပ်၏ ရမ်းကားပစ်ခတ်မှုကြောင့် ဦးခေါင်းကို ကျည်ထိမှန်သေဆုံးခဲ့သည်။ ကျော်ညီဇင်သည် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။

**ရှမ်းပြည်နယ် တောင်ကြီးမြို့ –** CDM ဆရာဝန်ကြီး ဇနီးမောင်နှံ (၂) ဦးကို အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးခဲ့ပြီး စစ်ကြောရေးသို့ ပို့ဆောင်ခဲ့ကြောင်းသိရှိရသည်။ ၎င်းတို့သည် ၂၀၂၂ ခုနှစ် မေလ ၁၈ ရက်နေ့ကတည်းမှ မိသားစုနှင့်အဆက်အသွယ်မရရှိသေးပါ။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတဝှမ်း လူဦးရေ ၈၈၉,၉၀၀ ခန့်သည် မတည်ငြိမ်မှုများနှင့် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် စစ်အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ်သော ချိုးဖောက်မှုများတွင် အတင်းအဓမ္မ ထွက်ပြေးတိမ်းရှောင်စေခြင်း၊ မတရားဖမ်းဆီးခြင်းနှင့် အပြစ်မဲ့အရပ်သားများအား သတ်ဖြတ်ခြင်းများ ပါဝင်သည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

မြေလှန်မီးတိုက်နည်းဗျူဟာဖြင့် စစ်အာဏာရှင်တပ်တို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးသည် မီးတောက်လောင်လျက် ရှိသည်။ မေလ ၁၈ ရက်မှ ၂၂ ရက်အတွင်း မြိုင်မြို့နယ်အတွင်း စီးနင်းတိုက်ခိုက်မှုနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် လူပေါင်း ၅၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

**ထပ်မံဖတ်ရှုရန်**

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်မှ အရပ်သားများသည် ပိုမိုဆိုးရွားသော ပဋိပက္ခများ၏ ဝန်ကို ထမ်းနေရသည်။ အထူးသဖြင့် ကရင်နီ(ကယား)ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ရှမ်းပြည်နယ်တောင်ပိုင်းသည် မကြာသေးမီလများအတွင်း တိုက်ပွဲများ ကျယ်ပြန့်စွာ ဖြစ်ပွားခဲ့သည်။

**ထပ်မံဖတ်ရှုရန်**



# ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် စစ်အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ်သော ချိုးဖောက်မှုများတွင် အတင်းအဓမ္မ ထွက်ပြေးတိမ်းရှောင်စေခြင်း၊ မတရားဖမ်းဆီးခြင်းနှင့် အပြစ်မဲ့အရပ်သားများအား သတ်ဖြတ်ခြင်းများ ပါဝင်သည်။ စစ်တပ်နှင့် နယ်ခြားစောင့်တပ်များသည် ကရင်ကျေးရွာများအား မြေလှန်ချေမှုန်းသည့် နည်းဗျူဟာများဖြင့် ဆက်လက်ထိုးစစ်ဆင် တိုက်ခိုက်နေသည်။ ပြည်သူတို့၏ နေအိမ်များကို မီးရှို့ခြင်းအပြင် စစ်သားများသည် တိရစ္ဆာန်များ အပါအဝင် အရပ်သားပြည်သူတို့၏ ပိုင်ဆိုင်မှုပစ္စည်းများကို ခိုးယူလုယက်ခဲ့သည်။ စစ်သားများရှိနေသောကြောင့် ဒေသခံများသည် ကြောက်ရွံ့ကာ ဂူထဲသို့ ထွက်ပြေး ပုန်းခိုခဲ့ကြသည်။ မိုးရာသီတွင် ဘေးကင်းလုံခြုံသော နေရာအား ရှာဖွေရန် ပို၍ ခက်ခဲလာပြီး တနိုင်ငံလုံးတွင် ထောင်နှင့်ချီ ထွက်ပြေးတိမ်းရှောင်နေရသည်။ စားနပ်ရိက္ခာနှင့် ဆေးဝါးပြတ်လပ်မှုများလည်း ကြီးထွားလာနေသည်။ စစ်ဘေးရှောင် ၁၀၀၀ ကျော် ခိုလှုံနေကြသော သောင်ရင်းမြစ်ကမ်းနားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ဘေးရှောင်သူများ နေထိုင်ရာယာယီတဲများ ရေထဲမျောပါ ပျက်စီးခဲ့သည်။

အခြေအနေများ ပိုဆိုးလာသည်နှင့်အမျှ အရပ်သားများသည် အိမ်နီးချင်း ထိုင်းနိုင်ငံထဲသို့ ဘေးကင်းလုံခြုံရေးအတွက်ရှာဖွေလာကြသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း နယ်စပ်ဂိတ်များပိတ်လိုက်ခြင်းနှင့်ထိုင်းနိုင်ငံတွင်းသို့ မြန်မာနိုင်ငံမှ ထွက်ပြေးလာသည့် ဒုက္ခသည်များကို မကြာသေးမီအချိန်က ပြန်လည်ပို့ဆောင်မှုကြောင့် လုံခြုံရေးအတွက် ရွေးချယ်စရာများကို ပို၍ပင် အကန့်အသတ် ဖြစ်စေခဲ့သည်။ ထိုင်းနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရန် မေလ ၁ ရက်က ကြေညာခဲ့သော်လည်း နေ့စဉ်ရာနှင့်ချီ ဖမ်းဆီးခံရသော သတင်းကြောင့် လူနည်းစုသာ ဖြတ်ကျော်ဝင်ရောက်ခွင့် ရရှိခဲ့သည်။



# စစ်ကိုင်းတိုင်းဒေသကြီး

မြေလှန်မီးတိုက်နည်းဗျူဟာဖြင့် စစ်အာဏာရှင်တပ်တို့၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် စစ်ကိုင်းတိုင်း ဒေသကြီး သည် မီးတောက်လောင်လျက် ရှိသည်။ မေလ ၁၈ ရက်မှ ၂၂ ရက်အတွင်း မြိုင်မြို့နယ်အတွင်း စီးနင်းတိုက်ခိုက်မှုနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် လူပေါင်း ၅၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ အနည်းဆုံး ၈ မြို့နယ်တွင် ဖုန်းနှင့်အင်တာနက်အသုံးပြုခွင့် အများစုမှာ ပြတ်တောက်နေချိန် နေအိမ်များနှင့် ဘာသာရေး အဆောက်အအုံ ဒါဇင်ပေါင်းများစွာကို စစ်တပ်ထောက်ခံ ပျူစောထီးတို့မှမီးရှို့ဖျက်ဆီးခဲ့သည်။ အဆိုပါ ဖုန်းနှင့်အင်တာနက် ဖြတ်တောက်ခံရသော  မြို့နယ်များတွင် ကန့်ဘလူ၊ ကနီ၊ ခင်ဦး၊ ကျွန်းလှ၊ မုံရွာ၊ ပုလဲ၊ ရေဦးနှင့် ယင်းမာပင် စသည့်မြို့နယ်များ ပါဝင်ပြီး အထူးသဖြင့် စစ်အင်အားတိုးလာနေပြီး အရပ်သားများ ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသများ ပါဝင်သည်။ သတင်းအချက်အလက်စီးဆင်းမှုကို နှေးကွေးစေရန် တမင်ဖြတ်တောက်မှုလည်းဖြစ်သည်။

လက်နက်ကြီး ဖြင့်ပစ်ခတ်မှုများသည် အကြမ်းဖက်စစ်သားနှင့် အရပ်ဝတ်စစ်သားများပူပေါင်းပစ်ခတ်ခြင်းဖြစ်သည်။ စီးနင်းမှုအတွင်းဆေးခန်းတစ်ခုလည်းပျက်ဆီးခဲ့သည်။  လတ်တလောတွင် အကြမ်းဖက်စစ်တပ်နှင့် စစ်တပ်ထောက်ခံ ပျူစောထီးတို့၏ အရေအတွက်သည် ဒေသခံပြည်သူကာကွယ်ရေးတပ်များ PDFs ထက်အင်အားပိုများနေသောကြောင့် ပြည်သူကိုကာကွယ်ရန် အကန့်အသတ်ရှိနေသည်။ သို့သော်လည်း ၂၀၂၂ ခုနှစ် မေလ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့ တို့တွင် အကြမ်းဖက်စစ်တပ်ကို ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် စစ်သားများ ထိခိုက်သေဆုံးမှုများရှိခဲ့သည်ဟု တော်လှန်ရေးအင်အားစုမှ ထုတ်ပြန်ခဲ့သည်။

မေလ ၂၆ ရက် နံနက်တွင် ဆားလင်းကြီးနှင့် ရင်မပင်မြို့နယ်တို့မှ ကျေးရွာ ၁၉ ရွာမှ ရွာသား ၁၀၀၀၀ ခန့်သည်စစ်တပ်၏ နေ့စဉ်ရက်ဆက် စီးနင်းတိုက်ခိုက်မှုကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ပေါ်တာအဖြစ်ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော ဒေသခံနှစ်ဦးကို စစ်သားများမှ ပစ်သတ်ခဲ့သည်။ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မတည်ငြိမ်မှုများ တိုးလာခြင်းကြောင့် လူနေမှုဘဝများ ပို၍ ခက်ခဲလာသည်။



# ရှမ်းပြည်နယ်

ရှမ်းပြည်နယ်မှ အရပ်သားများသည် ပိုမိုဆိုးရွားသော ပဋိပက္ခများ၏ ဝန်ကို ထမ်းနေရသည်။ အထူးသဖြင့် ကရင်နီ(ကယား)ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ရှမ်းပြည်နယ်တောင်ပိုင်းသည် မကြာသေးမီလများအတွင်း တိုက်ပွဲများ ကျယ်ပြန့်စွာ ဖြစ်ပွားခဲ့သည်။ ပြီးခဲ့သည့် သီတင်းနှစ်ပတ်အတွင်း တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် ထောင်နှင့်ချီသော အရပ်သားများ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဖယ်ခုံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ ကရင်နီ အမျိုးသားများ ကာကွယ်ရေးတပ်ဖွဲ့အပြင် ဒေသအခြေစိုက် လွိုင်ကော်၊ မိုးဗြဲနှင့် အင်းလေး PDFs မှ ပူးပေါင်းတပ်ဖွဲ့များသည် စစ်အာဏာရှင်တပ်ကို ခုခံတော်လှန် တိုက်ပွဲဝင်နေကြသည်။

စစ်တပ်သည် တော်လှန်ရေးအင်အားစု၏ အခြေစိုက်စခန်းအား လေကြောင်းတိုက်ခိုက်မှုဖြင့် တုံ့ပြန်ခဲ့သည်။ ဒေသအတွင်းရှိ ကျေးရွာ ၃၅ ရွာမှ စစ်ဘေးဒုက္ခသည် ၂၀,၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ပြည်တွင်းနေရပ်စွန့်ခွာရသူဦးရေ တိုးမြင့်လာခြင်းသည် နိုင်ငံတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအား ပြောဆိုနေသည်။ မိုးရာသီတွင် ရေစိုခံ အခင်းများနှင့် အမိုးအကာများသည် ရာသီဥတုကြမ်းတမ်းမှုဒဏ်ကို ခံနိုင်ရည်ရှိရန် လိုအပ်သည်ထက် ပို၍ လိုအပ်နေသည်။ စစ်ဘေးရှောင်များသည် တစ်နေရာမှ တစ်နေရာသို့ တိမ်းရှောင်နေရသောကြောင့် ထို့ကဲ့သို့သောအခြေအနေများတွင် စစ်ဘေးရှောင်များအတွက် လုံလောက်သော အကူအညီအထောက်အပံ့များ လုံလောက်ခြင်းမရှိပေ။ အထူးသဖြင့် မိုးတွင်းကာလတွင် စားနပ်ရိက္ခာနှင့် ပစ္စည်းများ စိုစွတ်ခြင်းမရှိဘဲ တောထဲတွင် သယ်ယူပို့ဆောင်ရန် ခက်ခဲသည်။

ရှမ်းပြည်နယ် တောင်ပိုင်း စစ်ဘေးရှောင် ဒုက္ခသည် ၇၀၀ ခန့်သည် ဖယ်ခုံမြို့နယ်တွင် ခိုလှုံနေကြသည်။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ၂၀၂၂ ခုနှစ် မေလတွင် တိုက်ပွဲများ ပြင်းထန်လာပြီးနောက် ဆီဆိုင်မြို့နယ်တွင်း ရောက်ရှိနေသည့် စစ်ဘေးရှောင် ဒုက္ခသည် ၅၀၀၀ ခန့် ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။

ရှမ်းပြည်နယ်တွင် ဘက်ပေါင်းစုံမှ တိုက်ပွဲများ ဖြစ်ပွားနေချိန် စစ်တပ်၏ အပစ်အခတ်ရပ်စဲရေးကို လက်ခံပြီး အချက် (၄) ချက်ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ အတည်ပြုပြောကြားသည်။

# နေ့စွဲအလိုက် မှတ်တမ်းများ

မေလ စတုတ္ထပတ်
မေလ ၂၃-၂၉ ရက်နေ့အထိ

**၂၃** အပြစ်မဲ့အရပ်သားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သတ်ဖြတ်၊ လုယက်ဖျက်ဆီးနေသော အကြမ်းဖက်စစ်အုပ်စုကို ၎င်းတို့၏ ဒါရိုက်တာများမှ တရားဝင် အသိအမှတ်ပြုနေသောကြောင့် Chevron ကုမ္ပဏီထံ သွေးစွန်းငွေ(Blood Money Campaign ) မှ အိတ်ဖွင့်ပေးစာတစ်စောင် ရေးသားခဲ့သည်။

**၂၄** မွန်ညီညွတ်ရေးပါတီနှင့် မွန်ပြည်သစ်ပါတီတို့မှ အာဏာသိမ်းစစ်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးရန် ဆုံးဖြတ်ချက်အပေါ် မွန်ပြည်သူများမှ ကျေနပ်မှုမရှိကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HUFORM မှ ထုတ်ပြန်ခဲ့သည်။

**၂၅** နိုင်ငံတော်ကြီးအကဲ ဒေါ်အောင်ဆန်းစုကြည်ဖမ်းဆီးခံရမှု မိသားစုမှ မတရား ဖမ်းဆီးထိန်းသိမ်းခံရမှုဆိုင်ရာ ကုလသမဂ္ဂအလုပ်အဖွဲ့ရုံးတွင် တိုင်ကြားခဲ့ပြီး သူမ၏ အခြေအနေကို “တရားစီရင်ရေးစနစ်ပြန်ပေးဆွဲခံရမှု” အဖြစ် ရည်ညွှန်းဖော်ပြခဲ့သည်။

**၂၆** ရခိုင်ပြည်နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) နှင့် ဆက်စပ်သည်ဟုဆိုကာ ပြည်သူတစ်ဦးသည် ထောင်ဒဏ် တစ်ဒါဇင်နီးပါးချခံခဲ့ရသည်။ ၎င်းအား ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉ (က)ဖြင့် စွဲချက်တင်ခံခဲ့ရသည်။

**၂၇** မနက်အစောပိုင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ လူငယ် တက်ကြွလှုပ်ရှားသူများသည် စစ်အာဏာရှင်ဆန့်ကျင်ရေး လူအုပ်ဖြင့် လျှပ်တပြက်ဆန္ဒပြခဲ့ကြသည်။ သတ်ဖြတ်မှုများကို ရှုတ်ချကြပြီး ဖက်ဒရယ်ဒီမိုကရေစီကို တောင်းဆိုခဲ့ကြသည်။

**၂၈** ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတစ်ခုတွင် မြေပြို၍ ၄နှစ်သားအရွယ် ရိုဟင်ဂျာကလေးငယ်တစ်ဦး သေဆုံးခဲ့သည်။

**၂၉** မြန်မာနိုင်ငံ အကျပ်အတည်းများနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက်ကို ရုရှားနှင့် တရုတ်နိုင်ငံတို့မှ ပိတ်ထားခဲ့သည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma